



# NSW အစိုးရကျောင်း၏ Year 7 သို့ ပြောင်းရွှေ့ခြင်း

## သင့်ကလေးအား Year 6 မှ Year 7 သို့ ကူးပြောင်းမှုကို စတင်ရန် အွန်လိုင်းမှ လျှောက်ထားပါ။

### သင့်ကလေး၏ ရပ်ရွာကျောင်း

မျက်မှောက်ခေတ် ကလေးသူငယ်များ အနာဂတ်တွင် အောင်မြင်မှု ရရှိစေရန်နှင့် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းကို တည်ဆောက်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် NSW ပြည်နယ် အစိုးရ ပညာရေးစနစ်သည် ကျောင်းသားအားလုံးအတွက် ကမ္ဘာ့ အဆင့်ပညာရေးကို ပေးအပ်လျက်ရှိသည်။ မတူကွဲပြားပြီး အားလုံးပါဝင်ခွင့်ရှိသည့် ကျွန်ုပ်တို့၏ အစိုးရကျောင်းများသည် ကျောင်းသား တစ်ယောက်ချင်းစီအား ၎င်းတို့၏ အလားအလာကောင်းများ အပြည့်အဝ ရရှိရေး ပံ့ပိုးကူညီရန် သန္နိဋ္ဌာန်ချထားသည်။

ကျောင်းနေ အရွယ်ကလေးများ အားလုံး အစိုးရကျောင်း– ၎င်းတို့၏ ရပ်ရွာကျောင်း¬–သို့ တက်ရောက်ခွင့် ရရှိစေရန်အတွက် NSW ပြည်နယ်အစိုးရကျောင်း အများစုသည် ကျောင်းအပ်နံ့ရမည့် နယ်မြေများ သတ်မှတ်ထားပါသည်။ NSW ပြည်နယ် ရှိ မိဘ၊ အုပ်ထိန်းသူ အများစုသည် မိမိတို့၏ ကလေးအတွက် အကောင်းဆုံး ပညာရေးကို ပေးအပ်နိုင်ရန် ၎င်းတို့၏ ရပ်ရွာကျောင်းကို ရွေးချယ်ကြသည်။

ပြည်နယ်တဝှမ်းရှိ ကျောင်းအားလုံးသည် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာပညာ၊ သင်္ချာ၊ အနုပညာ၊ အားကစားနှင့် အခြားနယ်ပယ်များရှိ သင်ရိုးညွှန်းတမ်း နှင့်တွဲဖက်၍ အကောင်းဆုံး အခွင့်အလမ်းများ အပြင် အရည်အသွေး မြင့်မားသော ပညာရေး အစီအစဉ် အများအပြားကို ပေးအပ်လျက်ရှိသည်။

ကိုယ့်ရပ်ရွာကျောင်းများတွင် အလားလာကောင်းပြီး ပါရမီထူးသည့် ကျောင်းသားများကို စိန်ခေါ်ရန် အစီအစဉ်များနှင့် အပိုဆောင်းသင်ကြားရန်နှင့် အထောက်အပံ့ လိုအပ်သော ကျောင်းသားများအတွက် စွမ်းရည်ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် လုပ်ငန်းစဉ်များ အပါအဝင် စွမ်းရည်အဆင့် အမျိုးမျိုးရှိသော ကျောင်းသားများအတွက် အစီအစဉ်များ ရှိသည်။ ၎င်းတို့တွင် သင်ရိုးညွှန်းတမ်းပြင်ပ လှုပ်ရှားမှုအများအပြားလည်း ပါဝင်သည်။ သင့်ကလေးအား ပံ့ပိုးကူညီနိုင်သည့် အစီအစဉ်များကို သိရှိနိုင်ရန် သင့်ရပ်ရွာကျောင်းသို့ ဆက်သွယ်ပါ။

ကလေး၏ အမြဲတမ်းနေရပ်လိပ်စာသည် ၎င်းတက်ရောက်ရမည့် ရပ်ရွာကျောင်းကို ဆုံးဖြတ်ပေးသည်။ [schoolfinder.education.nsw.gov.au](schoolfinder.education.nsw.gov.au) ရှိ ကျောင်းရှာဖွေရန်နေရာ (School Finder) တွင် ရပ်ရွာကျောင်းကို ရှာဖွေနိုင်သည်။

မတူညီသည့်နယ်ပယ်များကို အထူးပြုသည့် ကျောင်း သို့မဟုတ် အတန်းရှိသည့် ကျောင်းအသီးသီးနှင့် ကျောင်းများ သို့မဟုတ် အတန်းများပါဝင်သော အတန်းပေါင်းစုံကောလိပ်များ ရှိပါသည်။ ဥပမာ- အငယ်တန်းများ (Years 7-9 သို့မဟုတ် 7-10)၊ အကြီးတန်းများ (Years 10-12 သို့မဟုတ် 11-12)၊ ပညာအရည်အချင်းအလိုက် ရွေးချယ်သော အတန်းများ၊ ပူးတွဲပညာရေး အတန်းများ နှင့် ကျား၊မ ခွဲထားသည့်ကျောင်းများ ဖြစ်သည်။

ကျေးလက်နှင့်ဝေးလံခေါင်ဖျားဒေသများမှ လူမှုအသိုင်းအဝိုင်းများတွင် ၎င်းတို့၏ ကလေးများ Kindergarten မှ Year 12 အထိ တစ်ကျောင်းထဲတွင် ဆက်တိုက်ပညာသင်ယူနိုင်စေရန် ဗဟိုကျောင်းများရှိသည်။ ဗဟိုကျောင်း တော်တော်များများသည် ဘာသာရပ် အများအပြားကို သင်ကြားနိုင်ရန် မတူညီသည့် ကျောင်းများမှ ဆရာများနှင့် ကျောင်းသားများအား နည်းပညာကို အသုံးပြု၍ ချိတ်ဆက်ပေးပါသည်။ ဗဟိုကျောင်းများတွင်လည်း သင်ရိုးညွှန်းတမ်းပြင်ပ လှုပ်ရှားမှု အများအပြား ရှိပါသည်။

ဌာန၏ အွန်လိုင်းမှ ကျောင်းအပ်နံ့မှုစနစ်သည် အထက်တန်းကျောင်းသို့ ကူးပြောင်းခြင်းကို အထောက်အကူပြုသည်။အွန်လိုင်းမှ လျှောက်ထားနိုင်ခြင်း မရှိလျှင်ဖြစ်စေ၊ လျှောက်ထားလိုခြင်း မရှိလျှင်ဖြစ်စေ ဤစာစောင်၏ စာမျက်နှာ (၅) မှစတင်၍ လျှောက်လွှာပုံစံတွင် ဖြည့်စွက်ပါ။ ဖြည့်စွက်ထားသည့်ပုံစံကို သင့်ကလေး၏ မူလတန်းကျောင်းသို့ ပြန်လည်ပေးပို့ပါ။

> အကြောင်းအရာကို ပိုမို သိရှိလိုပါက အောက်ပါ လင့် တွင် ရရှိ နိုင်သည်
> [education.nsw.gov.au/public-schools/going-to-a-public-school/enrolment/high-school-enrolment](education.nsw.gov.au/public-schools/going-to-a-public-school/enrolment/high-school-enrolment)

# အခြားရွေးချယ်စရာ ကျောင်းများ

### သင့်ရပ်ရွာမဟုတ်သောကျောင်းသို့ သင့်ကလေးအား တက်စေချင်သည့် အကြောင်းပြချက်များ သင့်တွင် ရှိနေနိုင်ပါသည်။

## မိမိရပ်ရွာမဟုတ်သော ကျောင်းများ

ကျောင်းအပ်နှံရမည့်နယ်မြေ သတ်မှတ်ထားသည့် ကျောင်းများတွင် လက်ခံနိုင်သော ကျောင်းသားဦးရေ သတ်မှတ်ချက်ရှိပါသည် – လက်ခံနိုင်သော ကျောင်းသား အရေအတွက်သည် ကျောင်း၏ အမြဲတမ်း တည်နေရာ ပေါ်တွင် မူတည်ပါသည်။ လက်ခံနိုင်သော ကျောင်းသား ဦးရေအရ အချို့သော ကျောင်းများသည် ပညာသင်နှစ် အတွင်း ရောက်ရှိလာမည့် ဒေသခံ ကျောင်းသားများ အတွက် နေရာများ ချန်ထားနိုင်ရန် ရပ်ရွာတွင်း ကျောင်းအပ်နှံခွင့်အတွက် လုံလောက်သော အရေအတွက်  သတ်မှတ်ထားပါသည်။

ကျောင်းများသည် လက်ခံနိုင်သော ကျောင်းသားဦးရေ မပြည့်သေး လျှင် ယင်းဦးရေ မပြည့်မချင်း ဒေသခံမဟုတ်သော ကျောင်းသားများ ကို လက်ခံနိုင်သည်။

လက်ခံနိုင်သည့် ကျောင်းအပ်နှံသူဦးရေ ပြည့်ခါနီး သို့မဟုတ် ကျော်လွန်နေသော ကျောင်းများသည် ဒေသခံမဟုတ်သော ကျောင်းသားများကို လက်ခံလိုက လက်ခံနိုင်သည်။ ကျောင်းအားလုံးအနေဖြင့် ဒေသခံမဟုတ်ဘဲ ကျောင်းအပ်နှံရန် လျှောက်ထားမှုများကို အစိုးရကျောင်းမူဝါဒပါ ကျောင်းအပ်နှံမှုဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ ထည့်သွင်းစဉ်းစားရမည်။

လုံလောက်သောအရေအတွက်အောက် ရရှိနိုင်သော အရေအတွက်ထက်ကျော်လွန်ပြီး ဒေသခံမဟုတ်သော ကျောင်းဝင်ခွင့်အတွက် တောင်းဆိုသော ကျောင်းများတွင် ဝင်ခွင့်လျှောက်ထားမှုများကို စဉ်းစားရန် ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းရမည်။

## အလားအလာ အလွန်ကောင်းပြီး ပါရမီထူးသော ကျောင်းသားများအတွက် ပညာရေး အစီအစဉ်

အလားအလာ အလွန်ကောင်းပြီး ပါရမီထူးသော ကျောင်းသားများအတွက် ပညာရေး အစီအစဉ် (High Potential and Gifted Education (HPGE)) ကို တီထွင်ဖန်တီးမှု၊ ဉာဏ်ပညာ၊ ရုပ်ပိုင်းနှင့် လူမှု-စိတ်ပိုင်းဆိုင်ရာ အလားအလာ နယ်ပယ်လေးခုတွင် စွမ်းရည်ပါရမီများ ဖွံ့ဖြိုးလာစေရန် အစိုးရကျောင်း အားလုံးတွင် ထောက်ပံ့ပေးထားသည်။

- အချိန်တိုးချဲ့၊ အားပေးမြှင့်တင်မှုနှင့် သင်ရိုးညွှန်းတမ်းပြင်ပ အစီအစဉ်များ
- ကျောင်းအချင်းချင်းကြားရှိ အစီအစဉ်များနှင့် ပြိုင်ပွဲများ
- အားကစား ပွဲတော်များနှင့် ကျောင်းသားစွမ်းရည် ပြပွဲများ ကဲ့သို့ စနစ်တစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး အစီအစဉ်များ

HPGE နှင့်ဆိုင်သော အချက်အလက်များကို education.nsw.gov.au/teaching-and-learning/high-potential-and-gifted-education တွင် ထပ်မံ ဖြည့်ဆည်း ဖော်ပြထားပါသည်။

## အထူးပြုကျောင်းများ

အထူးပြုကျောင်းတွေက သီးခြား စိတ်ဝင်စားစရာ ဘာသာရပ်တွေကို အလေးပေးတဲ့ အထက်တန်းပညာရေး ကိုသင်ကြားပေးပါတယ်။ အထူးပြုကျောင်းတွေဆိုတာ ဖန်တီးမှု၊ ဖျော်ဖြေမှုနဲ့ သရုပ်ဖော်အနုပညာ၊ ဘာသာစကား၊ နည်းပညာ (ရေကြောင်းနည်းပညာနဲ့ ကျေးလက်နည်းပညာ အပါအဝင်) စိုက်ပျိုးရေးနဲ့ အားကစားတို့ကို သင်ကြားပေးဖို့ တည်ထောင်ထားတာ ဖြစ်ပါတယ်။

တစ်ချို့ အထူးပြုကျောင်းတွေရဲ့ ဝင်ခွင့်သတ်မှတ်ချက်တွေမှာ သရုပ်ဖော်ပြခြင်း ဒါမှမဟုတ် ပြိုင်ပွဲဝင်ရခြင်းတို့ ပါဝင်ပါတယ်။

## အထောက်အကူပြု အတန်းများ

တစ်ချို့ အထက်တန်းကျောင်းတွေမှာ မသန်စွမ်း ကျောင်းသားတွေအတွက် သင်ယူမှုနဲ့ အထောက်အကူပြု လိုအပ်ချက်တွေ ဖြည့်စည်းပေးနိုင်တဲ့ အတန်းတွေရှိပါတယ်။ သင့်ကလေးရဲ့ မူလတန်းကျောင်း ကျောင်းအုပ်က သင့်ရဲ့ရွေးချယ်မှု၊ သင့်ကလေးရဲ့ အထူးသင်ယူမှုလိုအပ်ချက်များနဲ့ ဒေသတွင်း အထူးဝန်ဆောင်မှုများနဲ့ နီးစပ်မှုတို့အပေါ် မူတည်ပြီး သင့်ကလေးနဲ့ သင့်တော်တဲ့ ကျောင်းတွေကို ရွေးချယ်ပေးနိုင်ပါတယ်။

အထောက်အကူပြု အတန်းတွေမှာ ဂင်ခွင့်ရဖို့အတွက် ဂင်ခွင့်အစီအစဉ်တွေနဲ့ ဆောင်ရွက်ပါတယ်။

ပညာအရည်အချင်းအလိုက် ရွေးချယ်တဲ့ ကျောင်းများစာရင်းနဲ့ သူတို့ရဲ့ ကျောင်းအပ်နှံမှု လုပ်ထုံးလုပ်နည်းတွေကို ဒီမှာ ရယူနိုင်ပါတယ်။ education.nsw.gov.au/schooling/parents-and-carers/choosing-a-school-setting/selective-high-schools

## အထောက်အကူပြု သင်တန်းများနှင့် သီးခြားရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသော ကျောင်းများ

ပုံမှန်ကျောင်း သို့မဟုတ် သီးခြားရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသော ကျောင်းရှိ အထောက်အကူပြု သင်တန်း ဝင်ခွင့်အတွက် ထည့်သွင်းစဉ်းစားခြင်းကို လက်လှမ်းမီသော ဝင်ခွင့်လျှောက်ထားမှု လုပ်ငန်းစဉ် အတိုင်း ဆောင်ရွက်ခြင်း ဖြစ်သည်။

အပိုဆောင်း သင်ကြားရေးနှင့် ပံ့ပိုးကူညီမှုများ လိုအပ်သော မသန်စွမ်း ကျောင်းသားအများစုအား ၎င်းတို့၏ ရပ်ရွာကျောင်းရှိ အရင်းအမြစ်များ မှတစ်ဆင့် ပံ့ပိုးကူညီသွားမည် ဖြစ်သည်။ အထက်တန်းကျောင်းအချို့တွင် မသန်စွမ်းကျောင်းသားများအတွက် အပိုဆောင်း သင်ကြားမှုနှင့် ပံ့ပိုးကူညီမှု လိုအပ်ချက်များနှင့် ကိုက်ညီသော အထောက်အကူပြု သင်တန်းများ ရှိထားပြီးဖြစ်သည်။

သင့်ရွေးချယ်မှု၊ သင့်ကလေး၏ သီးခြား အပိုဆောင်းသင်ယူမှု လိုအပ်ချက်များနှင့် ရပ်ရွာတွင်းရှိ အထူးပြု ဝန်ဆောင်မှုများနှင့် နီးစပ်မှုတို့ကို ထည့်သွင်းစဉ်းစား၍ သင့်ကလေးနှင့် အကိုက်ညီဆုံးကျောင်းကို ရှာဖွေရာတွင် မူလတန်းကျောင်းအုပ်ကြီးက ကူညီပေးသွားမည် ဖြစ်သည်။

## အင်္ဂလိပ်စာအထူးပြုကြီးကြပ် သင်ကြားမှုဌာနများ

ဒီဝက်ဘ်ဆိုဒ်ရှိ School Finder (ကျောင်းရှာဖွေရေးနည်းလမ်း)ကို အသုံးပြုပြီး schoolfinder.education.nsw.gov.au အင်္ဂလိပ်စာအထူးပြု ကြီးကြပ် သင်ကြားပေးနိုင်တဲ့ အထက်တန်းကျောင်းတွေကို ရှာဖွေပါ။

ကိုယ့်ရပ်ရွာတွင်းကျောင်းကို ရှာဖွေဖို့ "Nearby schools" မှာ Intensive English Centre နေရာကို ရွေးချယ်ပြီး ကိုယ့်လိပ်စာ ဒါမှမဟုတ် စာပို့သင်္ကေတကို ရိုက်ထည့်ပါ။



သတင်းအချက်အလက်တွေ ထပ်သိချင်တယ်ဆိုရင် မိမိရပ်ရွာတွင်း မူလတန်း ကျောင်းအုပ် ဒါမှမဟုတ် ကိုယ်ရွေးချယ်ထားတဲ့ အထက်တန်း ကျောင်းရဲ့ ကျောင်းအုပ်ကို ဆက်သွယ်ပါ။

စုံစမ်းလေ့လာရာမှာ အကူအညီပေးဖို့ စကားပြန်လိုအပ်ရင် **တယ်လီဖုန်းစကားပြန် ဝန်ဆောင်မှုဌာန** 131 450 ကို ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားပြောတဲ့ စကားပြန်ကို တောင်းဆိုပါ။ ဒီဝန်ဆောင်မှုဟာ အခမဲ့ဖြစ်ပါတယ်။

# စိတ်ဝင်စားမှု ဖော်ပြချက်ကို ဖြည့်စွက်ခြင်း

## သင့်ကလေးကို ဘယ်ကျောင်းမှာ ထားချင်လဲဆိုတာ ဖော်ပြဖို့ စိတ်ဝင်စားမှု ဖော်ပြချက် ပုံစံတွင် ကိုယ့်ရပ်ရွာကျောင်း နှင့်/သို့မဟုတ် ရပ်ရွာတွင်း မဟုတ်သော ကျောင်း - အများဆုံး ၃ ကျောင်းကို ဖြည့်စွက်ရပါမယ်။

Year 7 မှာ သင့်ကလေးကို ကျောင်းအပ်နှံဖို့ အဆင့်သုံးဆင့် လုပ်ဆောင်ရပါမယ်။

## အဆင့် 1 - ကိုယ်ရွေးချယ်ထားတဲ့ အစိုးရကျောင်း(တွေ)မှာ ဝင်ခွင့်ရရှိဖို့ စိတ်ဝင်စားမှုဖော်ပြချက်ကို ဖြည့်စွက်ပါ။

### NSW အစိုးရကျောင်းမှာ နောက်နှစ် Year 7 တက်ဖို့ ကိုယ့်ကလေးအတွက် ဝင်ခွင့်လိုချင်တဲ့ မိဘနဲ့ ပြုစုစောင့်ရှောက်သူ တွေဟာ ဒီပုံစံကို အင်္ဂလိပ်ဘာသာနဲ့ ဖြည့်စွက်ရပါမယ်။

NSW အစိုးရ မူလတန်းကျောင်းများတွင် လက်ရှိ ကျောင်းအပ်နှံထားသည့် ကျောင်းသားများ အနေဖြင့် စိတ်ဝင်စားမှု ဖော်ပြချက်ကို အွန်လိုင်းမှ ဖြည့်စွက်၍ သို့မဟုတ် ပူးတွဲပါ လျှောက်လွှာပုံစံကို ဖြည့်စွက်၍ အဆိုပါပုံစံကို သင့်ကလေး၏ မူလတန်းကျောင်းသို့ ပြန်လည်ပေးပို့ပါ။ NSW အစိုးရ မူလတန်းကျောင်းများတွင် လက်ရှိ ကျောင်းအပ်နှံထားခြင်းမရှိ သည့် ကျောင်းသားများအနေဖြင့် စိတ်ဝင်စားမှု ဖော်ပြချက်ကို အွန်လိုင်းမှ ဖြည့်စွက်ပါ သို့မဟုတ် ဤပုံစံအား သင့်ကလေးကို အပ်နှံရန်ရည်ရွယ်ထားသည့် NSW အစိုးရ အထက်တန်းကျောင်းသို့ ပြန်လည်ပေးပို့ပါ။

စိတ်ဝင်စားမှု ဖော်ပြချက် အားလုံးကို သတ်မှတ်ရက်မတိုင်မီ ပြန်လည် ပေးပို့ရမှာဖြစ်ပါတယ်။

## အဆင့် 2 - ကျောင်းအပ်နှံရန် လျှောက်လွှာ ဖြည့်ခြင်း

ကျောင်းတစ်ကျောင်းမှာ သင့်ကလေး အတွက် ဝင်ခွင့်ရပြီဆိုရင် **NSW အစိုးရကျောင်းတွင် ကျောင်းအပ်နှံရန် လျှောက်လွှာ** ကိုဖြည့်စွက်ရပါမယ်။ အဲဒီပုံစံကို စာသင်ကာလ 2 ဒါမှမဟုတ် စာသင်ကာလ 3 အတွင်း သင့်ထံကို ပေးပို့မှာ ဖြစ်ပါတယ်။

လျှောက်လွှာကို အွန်လိုင်းမှဖြစ်စေ၊ စာသင်ကာလ 2 သို့မဟုတ် စာသင်ကာလ 3 တွင် သင့်ထံသို့ ပေးပို့မည့် လျှောက်လွှာစာရွက်တွင် ဖြစ်စေ ဖြည့်စွက်နိုင်သည်။

ဒီလျှောက်လွှာမှာ အချက်အလက်တွေ အားလုံး ဖြည့်စွက်ပြီး အမြန်ဆုံး ပြန်လည်ပေးပို့ရပါမယ်။

ကျောင်းအပ်နှံခွင့်လျှောက်လွှာကို လက်ခံရရှိပြီး ကျောင်းအုပ်က စဉ်းစားပြီးတဲ့ အခါမှာ နောက်ဆုံးဆုံးဖြတ်ချက် ကိုချမှတ်ပါလိမ့်မယ်။ ကျောင်းအုပ်က အချက်အလက်တွေပိုမိုသိချင်ရင် သင့်ထံကို ဆက်သွယ်လာနိုင်ပါတယ်။

သင့်ကလေး ကျောင်းအပ်နှံခွင့် ရမရ အတည်ပြုပေးတဲ့ အီးမေးလ် သို့မဟုတ် စာကို လက်ခံရရှိမှာ ဖြစ်ပါတယ်။

## အဆင့် 3 - ကျောင်းအသစ်အကြောင်း လေ့လာခြင်း

သင့်ကလေး ကျောင်းအပ်နှံခွင့် အတည်ပြုချက် ရရှိပြီးတဲ့အခါ Year 7 ကို ပြောင်းရွှေ့တဲ့နေရာမှာ သင့်ကလေးအတွက် အထောက်အပံ့ဖြစ်စေဖို့ ကျောင်းအသစ် အကြောင်း လေ့လာဖို့ အရေးကြီးပါတယ်။

နောက်နှစ်မှာ Year 7 ကို စတင်မယ့် ကျောင်းသားတွေအတွက် ကျောင်းက အကူးအပြောင်း လှုပ်ရှားမှုများနဲ့ ကျောင်းအကြောင်းရှင်းပြတဲ့နေ့ကို ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ အဲဒီနေ့မှာ မိဘများနဲ့ ပြုစုစောင့်ရှောက်သူများကို ဖိတ်ကြားလေ့ရှိပါတယ်။
ပုံမှန်အားဖြင့် နိုဝင်ဘာလကုန်ပိုင်း/ဒီဇင်ဘာလဆန်းပိုင်း မှာ ပြုလုပ်လေ့ရှိပါတယ်။ အဲဒီလိုပြုလု ပ်ခြင်းအားဖြင့် သင့်ကလေး အနေနဲ့ အထက်တန်းအဆင့်မှာ သင်ယူရမယ့် ဘာသာရပ်တွေ၊ ဆရာတွေ၊ စာသင်ခန်းတွေနဲ့ ကျောင်းရဲ့ လုပ်ထုံးလုပ်နည်းတွေအကြောင်း လေ့လာ တွေ့ရှိမှာဖြစ်ပြီး ကိုယ့်ရဲ့ ကျောင်းနေဘက် တွေနဲ့လည်း တွေ့ခွင့်ရမှာဖြစ်ပါတယ်။

ကျောင်းအသစ်က ကျောင်းအကြောင်း ရှင်းပြတဲ့နေ့ ဘယ်နေ့လဲဆိုတာ သင့်ကို အသိပေးမှာ ဖြစ်ပါတယ်။ တူညီဝတ်စုံအကြောင်း သတင်းအချက်အလက်တွေ၊ ကျောင်းကို လာလို့ရတဲ့နည်း လမ်းတွေနဲ့ အခြား အရေးကြီးတဲ့ အကြောင်းအရာ အသေးစိတ်တွေကိုလည်း အသိပေးမှာ ဖြစ်ပါတယ်။

နောက်ထပ်သတင်းအချက်အလက်တွေ ထပ်သိချင်သေးတယ်ဆိုရင် ကျောင်းအုပ်ကို ဖုန်းဆက် မေးနိုင်ပါတယ်။ စကားပြန် လိုအပ်တယ်ဆိုရင် တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှုလုပ်ငန်း **131 450** ကို ဖုန်းဆက်ပြီး စကားပြန်တစ်ယောက် တောင်းနိုင်ပါတယ်။ ဖုန်းဖြေသူက သင်တို့ စကားပြောရာမှာ အထောက်အကူဖြစ်စေဖို့ ဖုန်းလိုင်းပေါ်ကို စကားပြန်တစ်ယောက် ချိတ်ပေးမှာဖြစ်ပါတယ်။ အဲဒီဝန်ဆောင်မှု အတွက် အခကြေးငွေ ကောက်ခံမှာ မဟုတ်ပါဘူး။

## သင့်ကလေးရဲ့ သင်ယူမှုနဲ့ လိုအပ်ချက်တွေအကြောင်း သတင်းအချက်အလက်တွေ ကျောင်းအသစ်ကို အထောက်အကူ ဖြစ်စေရန် ပြောပြထားခြင်း

သင့်ရဲ့ ကျောင်းအသစ်ကို သင့်ကလေးရဲ့ သင်ယူမှုနဲ့ လိုအပ်ချက်အကြောင်း သတင်းအချက်အလက်တွေ ပြောပြထားဖို့ အရေးကြီးပါတယ်။ သင့်ကလေးနဲ့ ပတ်သက်ပြီး ကိုယ်သိထားတဲ့ ဓါတ်မတည့်မှုတွေ၊ ဆေးဝါးကုသမှု အခြေအနေတွေ ပြောပြထားဖို့ လိုအပ်ပါတယ်။

ဓါတ်မတည့်ခြင်း၊ ပန်းနာရင်ကြပ်၊ ဆီးချိုရောဂါ သို့မဟုတ် ဝက်ရူးပြန်ရောဂါ အပါအဝင် သင့်ကလေးမှာ စစ်ဆေးတွေ့ရှိထားတဲ့ အခြား ဘယ်လို သတင်းအချက်အလက်မျိုးမဆို ပြောပြ ထားရပါမယ်။

တကယ်လို့ သင့်ကလေးမှာ ဓါတ်မတည့်တဲ့ ရောဂါတစ်ခုခုရှိတယ်လို့ စစ်ဆေးတွေ့ရှိ ထားရင် အခုလက်ရှိ ASCIA Action Plan for Anaphylaxis ကို သင့်ကလေးရဲ့ ဆရာဝန်ကို ဖြည့်ခိုင်းပြီး လက်မှတ် ထိုးခိုင်းရပါမယ်။ ပြီးရင် သင့်ကလေးရဲ့ ကျောင်းအသစ်ကို ပေးထားရပါမယ်။

ASCIA Action Plan နဲ့အတူတူ ကျောင်းက အက်ဒရယ်နလင် တစ်ခါသုံး ထိုးဆေးတွေပေးထား ရပါမယ်။ အစီအမံထဲမှာ ဖော်ပြထားတဲ့ အရေးပေါ် ကျန်းမာရေး တုန့်ပြန်မှု လုပ်ဖို့အတွက် ဖြစ်ပါတယ်။ ကျောင်းကိုပေးထားမယ့် အက်ဒရယ်နလင် တစ်ခါသုံး ထိုးဆေးတွေရဲ့ သက်တမ်းကုန်ဆုံးရက် ကိုလည်း သတိထားဖို့ လိုပါမယ်။ အချိန်မီ အစားထိုးပေးဖို့လည်း လိုအပ်ပါမယ်။

## စိတ်ဝင်စားမှု ဖော်ပြချက်ကို ဖြည့်စွက်ရာတွင် သင့်ကို အထောက်အကူပြုနိုင်သည့် သတင်းအချက်အလက်များ

### အခန်း A

သင့်ကလေးရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက် အသေးစိတ်တွေကို ဖြည့်စွက်ပြီး **အခန်း A** က ကြေညာချက်ကို လက်မှတ်ထိုးပါ။

### အခန်း B

**အခန်း B** မှာ သင့်ကလေးရဲ့ အိမ်လိပ်စာ အပေါ်မူတည်ပြီး သင့်ကလေး အတွက် သတ်မှတ် ထားတဲ့ ရပ်ရွာကျောင်း နာမည်ကို ဖော်ပြထားပါတယ်။ သင့်ကလေးဟာ သူ့ရပ်ရွာကျောင်းမှာ ဝင်ခွင့်တစ်နေရာ ရရှိမှာဖြစ်ပါတယ်။

သင့်ရပ်ရွာကျောင်းမှ ဝင်ခွင့်ကိုသာ ရှာဖွေနေတာ ဆိုရင် **အခန်း B** မှာ လက်မှတ်ထိုးပါ။ ပြီးရင် သတ်မှတ်ရက်မှာ ပြန်ပို့ပေးပါ။ ပုံစံကို ဖြည့်စွက်လို့ ပြီးပါပြီ။

ပညာအရည်အချင်းအလိုက် ရွေးချယ်သောကျောင်းသို့ လျှောက်ထားလျှင်နှင့် သင့်ကလေးအား ရပ်ရွာကျောင်းသို့ တက်ရောက်စေလိုသော်လည်း မအောင်မြင်လျှင် **အခန်း B** မှာ လက်မှတ်ထိုးပြီး ရက်စွဲတပ်ပါ။

## အခန်း C

အခြားကျောင်းတွေမှာ ဂင်ခွင့်တောင်းခံနေတာဆိုရင် သင့်နှစ်သက်မှု အစီအစဉ်အလိုက် **အခန်း** C မှာ ကျောင်း ၃ ကျောင်း အထိ စာရင်း ဖြည့်စွက်ပါ။

အောက်ပါကျောင်းတွေမှာ ဝင်ခွင့် တောင်းခံနိုင်ပါတယ် -

- အထူးပြုကျောင်း
- အထောက်အကူပြု အတန်း (နေရာသတ်မှတ်ပေးရန် လျှောက်လွှာ လျှောက်ထားပေးမည့် သင့်မူလတန်း ကျောင်းအုပ်နှင့် တိုင်ပင်၍) ၎င်းက အထောက်အကူပြုအတန်း အမျိုးအစားကို တောင်းခံသည့် လျှောက်လွှာကို တင်သွင်းလိမ့်မည်။
- မိမိတို့ ရပ်ရွာတွင်း မဟုတ်သောကျောင်း

**အထူးပြုကျောင်း၊ ရပ်ရွာတွင်းမဟုတ်သော ကျောင်းများတွင် ကျောင်းအပ်နှံခြင်းအတွက် ဂင်ခွင့်ရွေးချယ်ရေးအဖွဲ့များတွင် လျှောက်ထားမှုဆိုင်ရာ အပိုဆောင်း လိုအပ်ချက်များ ရှိကြသည်ကို သတိပြုပါ။**

တကယ်လို့ နောက်ထပ်ပုံစံတွေ ဖြည့်ရအုံးမလားဆိုတာ မသေချာဘူးဆိုရင် ကိုယ်စိတ်ဝင်စားတဲ့ ကျောင်းကို တိုက်ရိုက်ဆက်သွယ် မေးမြန်းပါ။

**ကိုယ်က ရပ်ရွာတွင်းမဟုတ်တဲ့ ကျောင်းမှာ ဝင်ခွင့်တောင်းခံမယ်ဆိုရင် နောက်ထပ် အဆင့်တစ်ဆင့် လိုအပ်ပါမယ်။**

**ဒေသခံမဟုတ်သော ကျောင်းများတွင် လျှောက်ထားသူဦးရေများ က ဝင်ခွင့်ပေးနိုင်သည့် ဦးရေ ထက် ကျော်လွန်နေပါက ကျောင်းများတွင် ဝင်ခွင့်စံနှုန်းများ သတ်မှတ်ထားပြီး၊ ဖြစ်သည့် အတွက်၊ ကျောင်းအနေဖြင့် လျှောက်ထားမှုများကို စဉ်းစားရန် ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းရမည်။**

သင့်ရပ်ရွာတွင်းမဟုတ်တဲ့ ကျောင်းမှာ ဝင်ခွင့်တောင်းခံနေတာ ဆိုရင် ရပ်ရွာတွင်း မဟုတ်တဲ့ ကျောင်းမှာ ဘာကြောင့် ကျောင်းအပ်ချင်တာလဲ ဆိုတဲ့ အကြောင်းပြချက်တွေပေးဖို့ လိုပါလိမ့်မယ်။ ဥပမာအားဖြင့် -

- သင့်တော်သလို ချိန်ညှိပြင်ဆင်မှုများ နှင့်/သို့မဟုတ် အပိုဆောင်း ပညာရေး အကူအညီများ လိုအပ်သော သင်ယူမှုနှင့် ကျန်းမာပျော်ရွှင်မှု လိုအပ်ချက်များ
- မောင်နှမများ တစ်ကျောင်းထဲတွင် ရှိနေ ပြီး အထောက်အကူပြု ကဏ္ဍများရှိ ကျောင်းသားများ၏ မောင်နှမများကို ဦးစားပေးခြင်း
- ကျောင်းနှင့်နီးစပ်မှုနှင့် ကျောင်းသို့ရောက်ရှိနိုင်မှု
- ကျား၊မ ခွဲထားသည့်ကျောင်းများ ဝင်ရောက်နိုင်ခွင့်
- ကျန်းမာရေးအကြောင်းပြချက်
- အတန်းချိန်အပြင်ဘက် ကလေးလုံခြုံရေးနဲ့ ကြည့်ရှုစောင့်ရှောက်ခြင်း
- လိုအပ်သည့်ဘာသာရပ် သို့မဟုတ် လိုအပ်သည့်ဘာသာပေါင်းစပ်မှု ရရှိနိုင်ခြင်း
- စာနာထောက်ထားမှု အခြေ အနေ အကြောင်းပြချက်များကြောင့်
- ကျောင်း၏ဖွဲ့စည်းတည်ဆောက်ထားတဲ့ဖွဲ့စည်းပုံ
- ကိုယ့်နယ်မြေ နယ်နိမိတ် ပြောင်းလဲ သတ်မှတ်ခြင်း
- ယင်းကျောင်းတွင် ကျောင်းသား၏ မိဘ သို့မဟုတ် အုပ်ထိန်းသူက အလုပ်လုပ်ကိုင်နေခြင်း

ကျောင်းအပ်နှံမှုအဖွဲ့က ပုံစံမှာ ရေးသွင်းထားတဲ့ အချက်အလက်များနဲ့ သင်ပေးအပ်ထားတဲ့ အခြားဆက်စပ် အထောက်အထားများအပေါ် မူတည် စဉ်းစားမှာဖြစ်ပါတယ်။

သင့်ရဲ့ ပထမဦးစားပေးရွေးချယ်မှု ကျောင်းအမှတ် 1 ကို မရဘူးဆိုရင် ရွေးချယ်မှုကျောင်းအမှတ် 2 ကို ဆက်လက် စဉ်းစားပေးမှာ ဖြစ်ပါတယ်။ ပြီးရင် လိုအပ်သလို ရွေးချယ်မှု 3 ကို ဆက်ပြီး စဉ်းစားပေးမှာပါ။

သင့်ရွေးချယ်မှုထဲက တစ်ခုမှ အရွေးချယ် မခံရဘူးဆိုရင် ကျောင်းက သင့်ကို အကြောင်းကြားမှာ ဖြစ်ပါတယ်။ ကျောင်းက စောင့်ဆိုင်းစာရင်းထဲမှာ ထည့်ထားကြောင်းနဲ့ တစ်နေရာ လစ်လပ်ရင် ရွေးချယ်ပေးမယ်လို့ အသိပေး လာနိုင်ပါတယ်။

သင် နှစ်သက်လို့ ရွေးချယ်ထားတဲ့ ကျောင်းစာရင်းထဲက တစ်နေရာ လက်ခံရရှိပြီဆိုရင် သင့်ရွေးချယ်မှုစာရင်း အောက်ပိုင်းက ကျောင်းတွေက ဆက်လက် ရွေးချယ်မှာ မဟုတ်တော့ပါဘူး။

သင် တောင်းခံထားတဲ့ ကျောင်းတွေထဲက တစ်ကျောင်းမှ မရွေးချယ်ဘူးဆိုရင် **အခန်း** B မှာ ဖေါ်ပြထားတဲ့ ရပ်ရွာတွင်း ကျောင်းတစ်ကျောင်းမှာ သင့်ရဲ့ ကျောင်းအပ်နှံမှု လျှောက်လွှာပေါ် မူတည်ပြီး ရွေးချယ်ခံရပါလိမ့်မယ်။

သင့်အနေနဲ့ မျှမျှတတ ဆက်ဆံခြင်း မခံရဘူးလို့ ခံစားရရင် ဒါမှမဟုတ် ရလဒ်က ကျိုးကြောင်းဆီလျော်ခြင်းမရှိဘူးလို့ထင်ရင် အယူခံဂင်လို့ ရပါတယ်။ အယူခံလွှာကို စာနဲ့ရေးသားပြီး အထက်တန်း ကျောင်းအုပ်ဆီ လျှောက်ထားနိုင်ပါတယ်။

## အခန်း D

**ပညာအရည်အချင်းအလိုက် ရွေးချယ်တဲ့ ကျောင်းကို လျှောက်ထားလိုတယ်ဆိုရင်** ဒီလျှောက်လွှာ **အခန်း** D က အကွက်လေး ထဲမှာ အမှန်ခြစ်ရပါမယ်။ ပြီးရင် **အခန်း** B၊ C ဒါမှမဟုတ် သင့်ကလေးက ပညာ အရည်အချင်းအလိုက် ရွေးချယ်တဲ့ ကျောင်းမှာ နေရာတစ်ခုမရခဲ့ရင် **အခန်း** E ကို ဖြည့်ရပါမယ်။

## အခန်း E

**အစိုးရကျောင်းမှာ နေရာတစ်ခု မလိုအပ်ဖူး ဆိုရင် အခန်း E ကို ဖြည့်ပေးပါ။**

**အခန်း** E ကို ဖြည့်ပြီးပြီဆိုရင် NSW အစိုးရကျောင်းတွေမှာ သင့်ကလေးကို Year 7 မှာ နေရာတစ်ခုရရှိဖို့ လုပ်ဆောင်စရာကိစ္စ အားလုံး ပြီးဆုံးပြီ ဖြစ်ပါတယ်။



# စိတ်ဝင်စား မှုလျှောက် လွှာ (Expression of Interest)

## NSW ပြည်နယ် အစိုးရကျောင်းတွင် (၇)တန်း Year 7 ဝင် ရန် နေရာချ ပေး ရေး.

## Placement in Year 7 in a NSW Government school.

ဤပုံစံ ကို အင်္ဂလိပ် စာဖြင့်ဖြည့် ပါ။

SRN ☐☐☐☐☐☐☐☐☐

ရုံးအတွက်အသုံးပြုရန်သာ (မိဘ/ပြုစုစောင့်ရှောက်သူများ ဖြည့်ရန်မလိုပါ) (Office use only)

## A - ကျောင်းသူ/သား၏ အချက် အလက် (A. Student information)

မိသားစုအမည်
**Family name** ____________________

ကိုယ်ပိုင်အမည်
**First given name** ____________________

**Middle (အခြား) အမည်/ အမည်များ**
**Middle (other) name/s** ____________________

ကျား/မ
**Gender** ☐ ကျား Male ☐ မ Female

မွေး နေ့
**Date of birth** ☐☐/☐☐/☐☐☐☐
နေ့စွဲ လ နှစ်

နေထိုင်ရာလိပ်စာ *(ဥပမာ 1 High Street, Sydney, NSW, 2000)* (**Residential address**)

____________________

____________________

မိဘ/အုပ်ထိန်းသူ အမည်
**Name of parent/carer** ____________________

ဖုန်းနံပါတ် *(လက်ကိုင်ဖုန်း)*
**Phone number** *(mobile)* ____________________

ဖုန်းနံပါတ် *(အိမ်ဖုန်း)*
**Phone number** *(home)* ____________________

ဖုန်းနံပါတ် *(အလုပ်ဖုန်း)*
**Phone number** *(work)* ____________________

အီးမေးလိပ်စာ
**Email address** ____________________

ကျောင်းသူ/သား၏ လက် ရှိ မူလတန်းကျောင်း (**Student's current primary school**)

____________________

### ထွက် ဆို ချက် (Declaration)

ကျွန်တော်/မ အနေ ဖြင့် ဤ *စိတ်ဝင် စား မှု လျှောက် လွှာ* တွင် တင်ပြ ထား သည့် အကြောင်း အရာ အား လုံး မှာ ကျွန်တော်/မ သိသလောက် ပြည့် စုံ မှန်ကန်သည် ဟု ထွက် ဆို ပါသည်။
အကယ်၍ ဤ ထွက် ဆို ချက် ထဲ တွင် မှားယွင်း ခြင်း၊ ထင်ယောင်ထင်မှား ဖြစ် နိုင်စေ သည့် ဖြည့်စွက်မှု များ နောင် အခါ တွင် တွေ့ ရှိ ခဲ့ လျှင်၊ ဆုံးဖြတ်ချက် ပြု ပြီး သည် များ ကို ပြန်လည် ရုတ်သိမ်း နိုင် သည် ကို နားလည်သဘောပေါက် ပါသည်။ ထို့အပြင် ဤ ကဲ့ သို့ နေ ရာ ချ ပြီး နောက်၊ ကျောင်း လက် ခံ မှု မှာ *NSW အစိုးရ ကျောင်း ဝင် ခွင့်လျှောက် လွှာ* တင် ပြီး နောက် ဆုံးဖြတ်ချက် ချ မှ သာ လျှင် အကျုံး ဝင် မည် ဖြစ် သည်။ *(Application to Enrol in a NSW Government school)*

မိဘ/အုပ်ထိန်းသူ လက်မှတ် (**Signature of parent/carer**) ____________________

နာမည်အပြည့် ရေး ရန် (**Print name**) ____________________

နေ့ စွဲ
**Date** ☐☐/☐☐/☐☐☐☐
နေ့စွဲ လ နှစ်

## B - ရပ်ကွက် အနီး ရှိ အစိုး ရကျောင်းတွင် နေ ရာ ရ ရှိ ရေး (B. Placement at local government school)

ကိုယ့်နယ်မြေကျောင်း (**Your local school**)

____________________

သင့်ခလေးအား သတ်မှတ်ထား သည့်ရပ်ကွက်အနီး ရှိ အစိုး ရကျောင်း သို့ တက် စေ လို လျှင် အောက်တွင် လက်မှတ်ထိုးပါ။

မိဘ/ အုပ်ထိန်းသူ လက် မှတ် (**Signature of parent/carer**) ____________________

နေ့ စွဲ
**Date** ☐☐/☐☐/☐☐☐☐
နေ့စွဲ လ နှစ်

အထက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး သင့်ကလေးအား ဤကျောင်းတွင်သာ တက်ရောက်စေလိုပါက ဤပုံစံတွင် ယခု ဖြည့်စွက်ပြီး ဖြစ်ပါသည်။

## C - အခြားအစိုးရကျောင်းများတွင် နေရာပေးရန် စဉ်းစားချက်

## C. Consideration to be given to placement at other government schools

သင့်ကလေးကို အခြား အစိုးရကျောင်းတွင် တက်စေလိုပါက၊ နောက်ထပ်ကြိုက် နှစ်သက်ရာ ကျောင်း - အများဆုံး -သုံးကျောင်းအထိ အမည်ပေး နိုင်သည်။ အောက်ပါတို့ကို ထည့်သွင်းနိုင်ပါသည် -

- အထူးပြု အစိုးရကျောင်း တစ်ကျောင်း။ သင့်ကလေးအား အထူးပြုကျောင်းတွင် တက်ရောက်ခွင့်ရရှိရေး စဉ်းစားပေးစေလိုလျှင် မူလတန်းကျောင်း ကျောင်းအုပ်ကြီးထံမှ အကူအညီရယူရန် တိုက်တွန်းအပ်ပါသည်။
- ကျောင်းသားများအတွက် အပိုဆောင်းသင်ကြားမှုနှင့် အထောက်အပံ့များ ပေးသည့် အထောက်အကူပြုအတန်းများနှင့် ကျောင်းတစ်ကျောင်း။ စိစစ်ရေးအဖွဲ့မှတစ်ဆင့်သွားရမည်ကို သတိပြုပါ။ သင့်ကလေးအား အထောက်အကူပြုအတန်းတွင် တက်ရောက်ခွင့်ရရှိရေး စဉ်းစားပေးစေလိုလျှင် မူလတန်းကျောင်း ကျောင်းအုပ်ကြီးထံမှ အကူအညီရယူသင့်သည်။
- ကိုယ့်ရပ်ရွာမဟုတ်သော အခြားအစိုးရကျောင်း။ ကိုယ့်ရပ်ရွာမဟုတ်သော ကျောင်းဝင်ခွင့် (များ) ရှာဖွေရသည့် အကြောင်းအရင်းများကို ဤစာမျက်နှာ၏ အောက်ခြေတွင် (နှင့် လိုအပ်လျှင် စာမျက်နှာ-၇ တွင်) ရေးသားပါ။

ကျွန်တော်/မ တို့ ၏ ခလေး ကို အောက် ပါ အစိုးရ ကျောင်း များ တွင် အပ် လို ပါသည်။

| | |
|---|---|
| **(1) ပထမ ဦးစားပေး ကျောင်း**<br>**Choice 1 school** | |
| **(2) ဒုတိယ ဦးစားပေး ကျောင်း**<br>**Choice 2 school** | |
| **(3) တတိယ ဦးစားပေး ကျောင်း**<br>**Choice 3 school** | |

အကယ်၍ ကျွန်တော်/မ တို့ ၏ ခလေး အနေဖြင့် အထက် ဖေါ်ပြ ရွေးချယ်ထားသည့်ကျောင်းများ တွင် မ ရ ခဲ့ လျှင် ခလေး ကို အပိုင်း B တွင် ဖေါ်ပြ သတ်မှတ် ထားသည့် အတိုင်း နေရာ ချ ပေး မည် ဖြစ် သည် ကို နား လည် ပါသည်။

**မိဘ/ အုပ်ထိန်းသူ လက် မှတ် (Signature of parent/carer)**

**နေ့ စွဲ Date** ☐☐/☐☐/☐☐☐☐

နေ့စွဲ လ နှစ်

## မူလတန်းကျောင်းအုပ်က ဖြည့်ရန် (Primary school principal use only)

Primary school principals may wish to include comments to assist secondary school principals make placement decisions. These comments should refer to the reasons given by parents and carers.

**Signature of primary school principal**

**Date** ☐☐/☐☐/☐☐☐☐

*day month year*

**မိမိနေထိုင်သည့် ရပ်ကွက် နှင့် မနီး ကပ် သည့် ကျောင်း ကို လျှောက်မှသာလျှင် ဖြည့် ရ မည်။ အထူးစပယ်ရှယ်လစ် ကျောင်း၊ အထောက်အပံ့ပေးသည့်ကျောင်းများ ကို လျှောက်မည် ဆိုလျှင် ဤ အပိုင်း ကို ဖြည့် ရန် မလို ပါ။** လိုအပ်လျှင်မည် သည့် အကြောင်းကြောင့် မိမိနေ ထိုင် သည့် ရပ်ကွက် နှင့် မနီး သည့်ကျောင်း ကို လျှောက် ရ သည့် အထောက်အထားများ ထပ်ဖြည့်၍ တင် နိုင် သည်။ အကြောင်းအရာ ပို၍သိ ရှိ လို ပါ က စာမျက်နှာ ၆2 နှင့် ၇3 တွင် ဖတ်ပါ။

| | |
|---|---|
| **(1) ပထမ ဦးစားပေး ကျောင်း**<br>**Name of Choice 1 school** | |

ဤကျောင်းတွင် နေရာရရှိလိုသော အကြောင်းများကို ဖေါ်ပြပါ။ (ကျောင်း၏ အထူးသတ်မှတ်ထားသော ကျောင်းအပ်နှံခွင့် စံသတ်မှတ်ချက်များကို ကိုးကားပါ။)

## C (နောက် ဆက်) C. (continued)

**(2) ဒုတိယ ဦးစားပေး ကျောင်း**
**Name of Choice 2 school**

ဤကျောင်းတွင် နေရာရရှိလိုသော အကြောင်းများကို ဖေါ်ပြပါ။ (ကျောင်း၏ အထူးသတ်မှတ်ထားသော ကျောင်းအပ်နှံခွင့် စံသတ်မှတ်ချက်များကို ကိုးကားပါ။)

**(3) တတိယ ဦးစားပေး ကျောင်း**
**Name of Choice 3 school**

ဤကျောင်းတွင် နေရာရရှိလိုသော အကြောင်းများကို ဖေါ်ပြပါ။ (ကျောင်း၏ အထူးသတ်မှတ်ထားသော ကျောင်းအပ်နှံခွင့် စံသတ်မှတ်ချက်များကို ကိုးကားပါ။)

## D - အထူး ပညာ ထူး ချွန် သည့် ကျောင်း (D. Academically selective school)

☐ ခလေးအတွက် အထူး ပညာထူးချွန်ကျောင်း တွင် လျှောက် လွှာတင် ထား ပြီး ဖြစ်ပါသည်။ ကျွန်တော်/မ ၏ခလေး သည် အထူးပညာ ထူး ချွန်ကျောင်း အတွက် စာမေးပွဲဖြေ မည် ဖြစ် သည်။
I have submitted an application for placement in an academically selective school. My child will be sitting for the Selective High Schools test.

*အကယ် ၍ သင့် ခလေး အနေ ဖြင့် ဤကျောင်းများ တွင် ဝင် ခွင့် မ ရ ခဲ့ ပါက ဤ ပုံ စံ တွင် ပါ ရှိ သော အောက်ပါ အပိုင်း B အပိုင်း C အပိုင်း E များ တွင် ဖြည့် စွက် ပါ။*

## E - စာရင်းသွင်း ရန် မလို အပ် ခြင်း (E. Placement not required)

ကျွန်ုပ်၏ကလေးသည် လာမည့်နှစ်တွင် NSW အစိုးကျောင်း၌ ဝင်ခွင့်လျှောက်ထားမည်မဟုတ်ကြောင်း ကျွန်ုပ် အတည်ပြုပါသည်။ ကိုယ်ရေး ကိုယ်တာ အချက်အလက်များ စုဆောင်းခြင်း အပါအဝင် ဤတင်ပြချက်နှင့် ပတ်သက်သည့် အချက်အလက်များ ကို ကျွန်ုပ်ဖတ်ရှု နားလည်ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏ကလေးသည် အောက်ပါကျောင်းတွင် တက်ရောက်ပါမည်။*
I confirm that my child will not be seeking placement at a NSW Government school next year. I have read and understood the information about this submission including the collection of personal information. My child will be attending the following school.*

**မိဘ/အုပ်ထိန်းသူ လက်မှတ်။ (Signature of parent/carer)**

**နေ့ စွဲ Date** __ __ / __ __ / __ __ __ __
နေ့စွဲ လ နှစ်

*ဤအကြောင်း အရာ ကို ပေး ရန် မလို အပ်သော် လည်း ပေး နိုင် လျှင် ကျေးဇူးတင် ပါသည်.

### လျှို့ဝှက်ချက် နှင့် ပတ်သက်သည့် ထွက် ဆို ချက်။ (Privacy Statement)

**NSW အစိုးရကျောင်းတွင် စိတ်ဝင်စားမှုဖော်ပြချက်- Year 7 ဝင်ခွင့်** ခေါင်းစဉ်ဖြင့် ဤပုံစံတွင် ဖြည့်စွက်ထားသော ကိုယ်ရေးအချက်အလက်များကို ကောက်ယူရသည့် ရည်ရွယ်ချက်မှာ NSW အစိုးရကျောင်းများသို့ လျှောက်ထားလာနိုင်သည့် Year 7 ကျောင်းအပ်နှံမှု လျှောက်လွှာများနှင့် တိုက်ဆိုင်စစ်ဆေးရန် ဖြစ်သည်။ NSW ပညာရေးဌာန(**ဌာန**)သို့ ပေးအပ်ထားသည့် အချက်အလက် မှန်သမျှကို NSW ရှိ ကိုယ်ရေးကိုယ်တာဆိုင်ရာ ဥပဒေများနှင့်အညီ အသုံးပြုခြင်း၊ ထုတ်ဖော်ပြောကြားခြင်းနှင့် သိမ်းဆည်းခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

အချို့သော အချက်အလက်များကို **ဌာနက** တောင်းခံရခြင်းမှာ ဂရုစိုက်ဆောင်ရွက်ရမည့် ၎င်း၏ တာဝန်နှင့် အခြားသော ဥပဒေအရ တာဝန်ရှိမှုများ၊ ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဥပဒေပါ တာဝန်များကို လိုက်နာဆောင်ရွက်ရန်နှင့် ဓနဟဟာယ-နိုင်ငံ ရန်ပုံငွေသဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဒေတာအချက်အလက် ကောက်ယူပြီး အစီရင်ခံတင်ပြရန် ဖြစ်သည်။ ယင်းတို့တွင် ကျောင်းသား၏ သင်ယူတတ်မြောက်မှုကို ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ ပါဝင်နိုင်သည်။

အချက်အလက်များကို အထက်ပါ ရည်ရွယ်ချက်များအတွက်နှင့် ညွှန်ကြားချက်အရ သို့မဟုတ် ဥပဒေအရ NSW အစိုးရနှင့် ဓနသဟာယ အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများသို့ ထုတ်ဖော်အသိပေးသွားမည် ဖြစ်သည်။

အချက်အလက်များကို လုံခြုံစိတ်ချရသော အီလက်ထရွန်းနစ် ဒေတာသိုလှောင်စနစ်တွင် သိမ်းဆည်းထားမည် ဖြစ်သည်။ သင့်အနေဖြင့် သင့်ကလေး၏ ကျောင်းသို့ ဆက်သွယ်၍ ယင်းအချက်အလက်များကို ရယူခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။ အချက်အလက် ကောက်ယူခြင်း သို့မဟုတ် ၎င်းကို အသုံးပြုပုံ သို့မဟုတ် ထုတ်ဖော်ဖွင့်ဟပုံများနှင့် ပတ်သက်၍ သင့်တွင် စိုးရိမ်မှု သို့မဟုတ် တိုင်ကြားစရာရှိပါက ကျောင်းသို့ ဆက်သွယ်ပါ။

တောင်းခံထားသော အချက်အလက်အချို့ကို မပေးဘဲ နေပါက သင့်ကလေး၏ ကျောင်းအပ်နှံမှု၊ ကျောင်း၏ အရင်းအမြစ်တည်ဆောက်မှု သို့မဟုတ် ကလေး၏ ပညာရေး လိုအပ်ချက် ပြည့်မီမှုတို့အပေါ် ဆိုကျိုးသက်ရောက်စေနိုင်သည်။

သင့်ကလေးအား NSW အစိုးရကျောင်းသို့ အပ်နှံစဉ် အချက်အလက် ကောက်ယူမှုနှင့် သင့်ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကျွန်ုပ်တို့ ကာကွယ်ပေးပုံများနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက ဌာန၏ ဝက်ဘ်ဆိုက်တွင် ဖြစ်စေ၊ ကျောင်းထံမှ ဖြစ်စေ ရယူနိုင်ပါသည်။ ဌာန၏ ကိုယ်ရေးကိုယ်တာအချက်အလက် ကောက်ယူခြင်းဆိုင်ရာ အသိပေးချက် မိတ္တူကို https://education.nsw.gov.au/content/dam/main-education/about-us/rights-and-accountability/media/documents/privacy/collection-notice.pdf တွင် ရယူနိုင်သည်။

အစိုးရ မူလတန်းကျောင်းမှာ အပ်နှံတက်ရောက်နေတဲ့ ကျောင်းသားတွေအနေနဲ့ ဒီပုံစံကို သင့်ကလေးရဲ့ မူလတန်းကျောင်းကို ပြန်ပေးရပါမယ်။ အစိုးရ မူလတန်း ကျောင်းမှာ အပ်နှံတက်ရောက်နေတာ မဟုတ်တဲ့ ကျောင်းသားတွေ အနေနဲ့ ဒီပုံစံကို သင့်ရဲ့ ပထမဦးစားပေးရွေးချယ်ထားတဲ့ အစိုးရ အထက်တန်းကျောင်းကို ပေးပို့ရမှာ ဖြစ်ပါတယ်။

**စိတ်ဝင်စားမှု ဖေါ်ပြချက် အားလုံးကို သတ်မှတ်ရက်မတိုင်မီ ပြန်လည် ပေးပို့ရမှာဖြစ်ပါတယ်။**



ဌါနေ တိုင်းရင်းသား များ ဖြစ် ကြသည့် အာဘော်ရီဂျင်နယ်အားလုံး၏ မွေးရပ်မြေ နှင့် တိုင်းပြည် ကို ကျွန်ုပ် တို့ အသိအမှတ်

**Say hello**

@NSWDepartmentofEducation

@NSWEducation

@NSWEducation

education.nsw.gov.au

© 2025 NSW Department of Education

GPO Box 33, Sydney NSW 2001 Australia
Phone: 1300 679 332